"Fit Brains Gain More"
BRAINWORKS
INTERNATIONAL SCHOOL

# အထူးပညာရေးလိုအပ်ချက်များမူဝါဒ

"အထူးပညာရေးလိုအပ်ချက်များ" ဆိုသည့်ဝေါဟာရသည် အသက်အရွယ်တူအခြားကလေးများထက် သင်ယူရန်ပိုမိုခက်ခဲသော သင်ယူမှုဆိုင်ရာမသန်စွမ်းမှုရှိသည့်ကလေးများကိုရည်ညွှန်းပါသည်။ ဤသင်ယူမှုဆိုင်ရာမသန်စွမ်းမှုများ၏နယ်ပယ်သည် အလွန်ကျယ်ပြန့်ပြီးရှုပ်ထွေးမှုရှိသည်။

ဥပမာအားဖြင့်- ဉာဏ်ရည်အားနည်းမှုသည် လူတစ်ဦးအားလိုက်လျောညီထွေပြုမှု၊ ရိုးရှင်းသောဆက်သွယ်ရေးနှင့်လက်ဆေးခြင်းကဲ့သို့သော နေ့စဉ်လုပ်ငန်းဆောင်တာများမှဟန့်တားနိုင်သည်။ အခြားသောမသန်စွမ်းမှုများတွင်ကြွက်သား/ကိုယ်ခန္ဓာဆိုင်ရာ၊ ဉာဏ်ရည်နှင့်စိတ်ခံစားမှုဆိုင်ရာ အကြောင်းရင်းများပါဝင်သည်။ ဤအခြေအနေများသည်အများအားဖြင့်ဇီဇဆိုင်ရာဖြစ်ပြီး ကွဲပြားသောပုံစံများနှင့်အချိန်ကာလအလိုက် အဆင့်မျိုးစုံတွင်ပြသလေ့ရှိသောကြောင့် သက်ဆိုင်ရာပညာရှင်များ၏ အထောက်အပံ့လိုအပ်ပါသည်။

ဤအခက်အခဲများကိုထည့်သွင်းစဉ်းစားလျက် Brainworks-Total Group of School သည် ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံသောပတ်ဝန်းကျင်ကိုဖန်တီးရန် "အထူးပညာရေးလိုအပ်ချက်များမူဝါဒ" ကိုချမှတ်ထားသည်။

## ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ

ဤမူဝါဒသည် ကျောင်း၏လုပ်ဆောင်နိုင်စွမ်းအတွင်းရှိ အထူးလိုအပ်ချက်ရှိသောကလေးများအား ကူညီရန်ရည်ရွယ်သည်။ စောလျှင်စွာပံ့ပိုးမှုများသည် အထူးအထူးပညာရေးလိုအပ်ချက်ရှိသောကလေး၏ ဖွံ့ဖြိုးမှုကိုမြှင့်တင်နိုင်ကြောင်းလေ့လာချက်များကဖော်ပြသည်။ ကျောင်းသည်ပင်မပညာရေးစနစ်အတွင်းသို့ အကူးအပြောင်းကာလအတွင်းကလေး၏အရည်အချင်းကို အပြည့်အဝအသုံးချခွင့်ရနိုင်စေရန်ကူညီပေးမည်။

## မူဝါဒအကျုံးဝင်မှု

- **ကျောင်းဝင်ခွင့်** : အထူးပညာရေးလိုအပ်ချက်ရှိသော ကလေးများအား ကျောင်း၏အတွင်းပိုင်းအကဲဖြတ်မှုအပေါ်မူတည်၍လက်ခံပါမည်။ ပင်မပညာရေးစနစ်တွင် ကလေးအား ပညာသင်ကြားနိုင်စွမ်းကိုအခြေခံ၍ဆုံးဖြတ်ပါမည်။
- **ပြင်ပစာရွက်စာတမ်းများ** : ကျောင်းဝင်ခွင့်ကို ပြင်ပဆေးဘက်ဆိုင်ရာစာရွက်စာတမ်း (သို့မဟုတ်) အကြံပြုချက်ဖြင့် လွှမ်းမိုးခြင်းမရှိပါ။
- **မိဘများ၏ပြည့်စုံသောထုတ်ဖော်ပြသမှု** : အထူးပညာရေးလိုအပ်ချက်ရှိသောကလေးအားလက်ခံရာတွင် မိဘများမှ ယခင်ကတည်းက(သို့မဟုတ်)ယခုလက်ရှိအခြေအနေများကို အပြည့်အဝဖော်ပြရန်လိုအပ်ပါသည်။
- **အကြမ်းဖက်မှုဆိုင်ရာအခြေအနေ** : အထူးပညာရေးလိုအပ်ချက်ရှိသောကျောင်းသားတစ်ဦးသည် မကြာခဏအကြမ်းဖက်မှုများပြသပါက မိဘ/အုပ်ထိန်းသူနှင့်တိုင်ပင်ပြီး ကျောင်း၏စွမ်းဆောင်နိုင်မှုထက်ကျော်လွန်ပါက ကျွမ်းကျင်သူများ၏အကူအညီယူရန်အကြံပြုပါမည်။ ပြင်းထန်သောကိစ္စများတွင် လုံခြုံရေးအရကျွမ်းကျင်သူများနှင့်ကုသမှုအချိန်ပေးရန် ကျောင်းတက်ခွင့်ကိုယာယီရပ်ဆိုင်းနိုင်သည်။ ပြန်လည်ဝင်ခွင့်အတွက် ကျောင်း၏ပြန်လည်အကဲဖြတ်မှုကိုလိုအပ်ပါသည်။
- **အရေးကြီးသော** : ကျောင်း၏ဆုံးဖြတ်ချက်အားလုံးသည် အထူးပညာရေးလိုအပ်ချက်ရှိသောကလေး၏အကျိုးစီးပွားကိုအခြေခံပါသည်။